# Highlights from DVB Debate's Reducing Poverty Show?

## January 16, 2016

## "How will the New Government reduce Poverty?"

"အခြေခံလိုအပ်ချက်တွေကိုတောင် မဖြည့်ဆည်းနိုင်တာကို ဆင်းရဲမွဲတေမှုလို့ ဆိုပါတယ်။ ကနေ့ရှိနေတဲ့ ဆင်းရဲမွဲတေမှုနှုန်း ၂၆ ရာနှုန်းဆိုတာကိုရော တကယ်ပဲ သေချာလုပ်နိုင်လို့လား ခိုင်မာတဲ့ သက်သေပြမှုနဲ့ ပြောဖို့ အင်မတန် ခက်ခဲပါတယ်။ ဒါကြောင့် အန်အယ်လ်ဒီအနေနဲ့က လယ်သမားတွေကို အဓိကထားပြီး ဆင်းရဲမွဲတေမှု လျှော့ချရေးစဖို့ ရည်မှန်းထားတယ်"

ဦးလေးညွှန့် - စိုက်ပျိုးရေးဆိုင်ရာဘောဂဗေဒပညာရှင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စီးပွားရေးကော်မတီဝင်

---

"ရွာသေးသေးလေးမှာကို အသေးစားငွေချေးလာလုပ်တဲ့ အဖွဲ့တွေကအများကြီး၊ ဝေးလံခေါင်ဖျားဒေသတွေကို မရောက်ဘူး ဒီတော့ အစိုးရကလည်း သုတေသနလုပ်ထားတဲ့ ဒေတာတွေ အတိအကျရှိရင် ဘယ်နေရာ ဒေသဆိုရင်တော့ အသေးစားငွေချေးလုပ်ငန်းတွေ လုပ်ကိုလုပ်ရမယ် ဆိုတာမျိုး ဒါဆို ပိုထိရောက်ပါမယ်"

ဒေါ်နှင်းဝေ - မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း အထွေအထွေအတွင်းရေးမှူး

---

"ချင်း၊ ရခိုင်ဘက်က ဘယ်လိုဆင်းရဲလဲဆိုတော့ အဲဒေသတွေဘက်မှာဆို စားသောက်မှုအတွက် ချေးငွေပေးရမယ်။ ကျေးလက်ဒေသနေလူထု ဆင်းရဲတယ်ဆိုတာဘာလဲ သိအောင် ပြောပြရမယ်၊ ဆင်းရဲသူတွေကို ကူညီတဲ့သူတွေကလည်း သိထားရမယ်။ micro-credits နည်းနဲ့ ဝေးလံခေါင်ဖျားဒေသတွေကို လုပ်ပေးရမယ်"

ဦးထွန်းပေါ် - ဒုညွှန်ကြားရေးမှူး(ငြိမ်း)၊ စိုက်ပျိုးရေးဦးစီးဌာန

---

"အစိုးရအနေနဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် တစိုက်မတ်မတ်လုပ်ခဲ့တာ ငြင်းစရာမရှိပါဘူး ဒါပေမယ့် လုပ်နည်းကိုင်နည်းတွေ လွဲမှားနေပါတယ်။ စားနပ်ရိက္ခာဖူလုံရေး ပေါ်လစီတခုနဲ့ တွန်းခဲ့လို့ လယ်သမားတွေဟာ ကိုတာ(quota) စနစ်နဲ့ ဝယ်ခံရတယ်၊ ကိုယ်စိုက်တာ ကိုယ်မခံစားရဘူး"

ဦးလေးညွှန့် - စိုက်ပျိုးရေးဆိုင်ရာဘောဂဗေဒပညာရှင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စီးပွားရေးကော်မတီဝင်

---

"သီးနှံအထွက်တိုးဖို့ မျိုးကောင်းမျိုးသန့်စိုက်ပျိုးရေးနဲ့ လယ်ယာထုတ်ကုန်တွေ ကောင်းအောင် ခေတ်မီစိုက်ပျိုးနည်းစနစ်တွေနဲ့ လုပ်နေတာတွေရှိပါတယ်"

ဒေါ်မိုးကြည်ဝင်း - ဒုညွှန်ကြားရေးမှူး(စိုက်ပျိုးရေးဦးစီးဌာန)၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

---

"မြေတွေကို အလဟဿထား ထားတဲ့ ပုဂ္ဂိုလ်တွေဆီက ပြန်ယူထားပြီး စီမံခန့်ခွဲလိုက်ရင်လည်း ဆင်းရဲမွဲတေမှုလျှော့ချရေးမှာ လုပ်ဆောင်နိုင်မယ်"

ဒေါက်တာမောင်မောင်လေး - မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုဥက္ကဋ္ဌ

---